# အရေးပေါ် အခြေအနေတစ်ခုခုတွင် **Triple Zero (000)** (သုည သုံးလုံး) သို့ဖုန်းဆက်ပါ

အရေးပေါ် အခြေအနေတစ်ခုခုတွင် ရဲ၊ မီးသတ် သို့မဟုတ် လူနာတင်ကားအား ဆက်သွယ်ရန်၊ ဩစတြေးလျားနိုင်ငံတွင်ရှိသော မည်သည့်တယ်လီဖုန်းမှမဆို Triple Zero (000) (သုည သုံးလုံး) သို့ဖုန်းဆက်ပါ။ ဖုန်းဆက်ခများမှာ အခမဲ့ဖြစ်သည်။



# 000

# EMERGENCY







®

**မည်သည့်အခါ၌ Triple Zero (000) (သုည သုံးလုံး) သို့ဖုန်းဆက်ရမည်နည်း။**

သင်သည် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေများတွင် သို့မဟုတ် အချိန်ကျပ်တည်းမှု အခြေအနေများတွင် ရဲ၊ မီးသတ် သို့မဟုတ် လူနာတင်ကား၏ အရေးတကြီးတုံ့ပြန်မှုကို လိုအပ်သောအခါများ၌သာ Triple Zero (000) (သုည သုံးလုံး) သို့ ဖုန်းဆက်သင့်သည်။

**ကျွန်ုပ် Triple Zero (000) (သုည သုံးလုံး) သို့ဖုန်းဆက်သည့်အခါ ဘာဖြစ်မည်နည်း။**

ဖုန်းဖြေကြားသူ အော်ပရေတာက ရဲ၊ မီးသတ် သို့မဟုတ် လူနာတင်ကားတို့အနက်၊ မည်သည့် အရေးပေါ် ဝန်ဆောင်မှုအား လိုအပ်သည်ကို သင့်အားမေးမြန်းပြီးနောက် ချိန်ဆက်ပေးလိမ့်မည်။ သင်သည် မည်သည့်နေရာမှ ဖုန်းဆက်နေသည်ကိုလည်း ဖုန်းဖြေကြားသူ အော်ပရေတာက မေးမြန်းနိုင်ကောင်းသည်။

**ကျွန်ုပ်အနေနှင့် အင်္ဂလိပ်စကားပြောဆိုရန်အခက်အခဲရှိလျှင်ကော။**

အကယ်၍သင့်အနေနှင့် အင်္ဂလိပ်စကားပြောဆိုရန်အခက်အခဲရှိလျှင် သင်တောင်းဆိုခဲ့သည့် အရေးပေါ် ဝန်ဆောင်ပေးဌာနဖြင့် ချိတ်ဆက်မှုရရှိပြီးသည်နှင့်တစ်ပြိုင်နက် စကားပြန်တစ်ဦးကို တောင်းခံနိုင်သည်။ စကားပြန်အတွက် အခကြေးငွေကို သင်က ပေးဆောင်ရမည်မဟုတ်ပါ။

**Triple Zero (000) (သုည သုံးလုံး)သို့ သင်ဖုန်းဆက်သည့်အခါ စိတ်တည်ငြိမ်ပါစေ၊ ဖုန်းလိုင်းကို ကိုင်ထားပြီး ဖုန်းဖြေကြားသူ အော်ပရေတာ၏ မေးခွန်းများကို တိကျပြတ်သားစွာ ပြန်ဖြေပါ။**

www.**triplezero**.gov.au

Australian Government

acma
Australian Communications and Media Authority